
# ဆေးဆိုးသမား

# ကိုရီးကွက်




ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။


စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။





ဟိုးတစ်ခါတုန်းက “ဇီးကွက်”ဟာ ငှက်အပေါင်းတို့ ဝတ်ဆင်ထားတဲ့
အမွေးအတောင်တွေကို အရောင်အသွေး လှပအောင် ဆေးဆိုးတဲ့
လုပ်ငန်းကို လုပ်ကိုင်သတဲ့။




ကိုဇီးကွက်ဟာ ငှက်တွေကို အနီ၊ အဝါ၊ အစိမ်း အစရှိတဲ့ ဆေးရောင်စုံများနဲ့ အနီကြိုက်ရင် အနီ၊ အဝါကြိုက်ရင် အဝါ၊ အစိမ်းကြိုက်ရင် အစိမ်း ဆိုးပေးလိုက်သတဲ့။




ကျီးကန်းကတော့ ဘာအလုပ်မှ မလုပ်ဘဲ ဇီးကွက်ဆီမှာ သူ့အမွေးတွေကို အရောင်ဆိုးလိုက်၊ လျှောက်လည်လိုက် လုပ်နေသတဲ့။ တစ်နေ့ကျတော့ ဇီးကွက်ဆီကိုသွားပြီး “ကိုဇီးကွက် ကျွန်တော်ကို ဒီတစ်ခါတော့ နောက်တစ်ကြိမ် ပြန်ဆိုးစရာမလိုအောင် ဆေးခိုင်ခိုင် ဆိုးပေးပါဗျာ”လို့ ပြောသတဲ့။





ဇီးကွက်ကလည်း “ရပါတယ်ကိုကျီးရယ်”လို့ ပြောပြီး နောက်တစ်ခါ ပြန်ဆိုးစရာ မလိုတဲ့အရောင်ကို စဉ်းစားနေသတဲ့။ “အင်း နောက်တစ်ခါ ပြန်ဆိုးစရာမလိုတဲ့ အရောင်ဟာ ဘာအရောင်ပါလိမ့်။ ဟာ ဟုတ်ပြီ၊ မီးသွေးလို နက်မှောင်နေတဲ့ အရောင်ဟာ နောက်တစ်ခါ ပြန်ဆိုးစရာ မလိုတဲ့အရောင်ပါလား”လို့ အကြံရတယ်တဲ့။




အဲဒီလိုနဲ့ ကျီးကန်းကြီး ပြန်ရောက်လာတော့ အနက်ရောင်ကို ဆိုးပေးလိုက်သတဲ့။



ကျီးကန်းကြီးဟာ သူ့ကိုယ်ပေါ်က အရောင်ကိုကြည့်ပြီး အရမ်းစိတ်ဆိုးသွားတယ်။ “ဒီမှာကိုဇီးကွက် ခင်ဗျားကြောင့် ကျုပ်တစ်သက်လုံး အနက်ရောင်ကြီး ဖြစ်သွားပြီဗျ။ ဒါကြောင့် ကျုပ်ခင်ဗျားကို မကျေနပ်ဘူး”လို့ ပြောပြီး ဇီးကွက်ကို လိုက်ထိုးဆိတ်ရောတဲ့။ ကိုဇီးကွက်လည်း သေပြေးရှင်ပြေး ပြေးရရှာသတဲ့ကွယ်။



ကလေးတို့ရေ အဲဒီအချိန်ကစပြီး
ကျီးကန်းကြီးရဲ့ အရောင်ဟာ
မည်းနက်သွားသတဲ့။



ဇီးကွက်ကတော့ ကျီးကန်းကိုကြောက်လို့
ကျီးကန်းအိပ်တဲ့ ညအခါကျမှ အပြင်ကို
အစာရှာထွက်တော့သတဲ့ကွယ်။